# ကြိတ်မှန်ပင်နှင့် ဆေးဖက်အသုံး

ကျော်ဆွေ၊ ဝေဝေထက် (မုံရွာ)

မြန်မာ့တိုင်းရင်းဆေးဝါးများ ဖော်စပ်ရာတွင် အပင်ထွက် ပရဆေးပစ္စည်းများကို အဓိက အသုံးပြုကြပါသည်။ ထိုသို့ အသုံးပြုကြရာတွင် နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဟူသည့်အတိုင်း သစ်ပင်ကြီးငယ်သာမက နွယ်ပင်၊ မြက်ပင်မှအစ အပင်ဟူသမျှ ဆေးဖက်၌ အသုံးပြုကြသည် ဖြစ်ပါသည်။ အဆိုပါ သစ်ပင်အုပ်စုများအနက် မြန်မာနိုင်ငံတစ်နံတလျား သဘာဝအတိုင်း အလေ့ကျ ပေါများစွာ ပေါက်ရောက်၍ အလွယ်တကူ စုဆောင်းရရှိနိုင်သည့် အပင်ငယ်လေးများမှာ ပြည်သူ့ကျန်းမာရေးအတွက် များစွာ အထောက်အကူပြုနိုင်ကြောင်း တွေ့ရပါသည်။

ကြိတ်မှန်ပင်သည် နိုင်ငံတစ်ဝန်းလုံးတွင် တစ်နှစ်ခံ ပင်ပျော့ပေါင်းပင်မျိုးဖြစ်၍ ပေါများစွာ တွေ့ရှိရသော အပင်ဖြစ်ပါသည်။ ကြိတ်မှန်ပင်သည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော နှင့် အာကာသ ဟူသော ဓါတ်ကြီးငါးပါးဖြင့် ဖွဲ့စည်း ထား၍ ဆေးလွန်၍ ရောဂါရခြင်း၊ ကြိတ်မှန်ပင် ပါရှိသည့်ဆေးကြောင့် အခြားရောဂါရခြင်း စသည့် ဆိုးကျိုးများ ဖြစ်ပေါ်မှုမရှိပါ။ ကြိတ်မှန်ပင် တွင် ကိုယ်ပူကျ သတ္တိ၊ အရောင်ကျစေသည့် အာနိသင်၊ အကိုက်အခဲ သက်သာစေသည့် အာနိသင်၊ အသည်း၏ လုပ်ဆောင်မှုကို တိုးတက်ကောင်းမွန်စေ၍ အသည်းအဆီဖုံးခြင်းကို ကာကွယ် နိုင်သည့် အာနိသင်၊ ဆီးရွှင်သည့်အာနိသင်နှင့် သားအိမ်ကျုံ့စေသော အာနိသင်များ ရှိကြောင်း သိရှိရသည်။ ယခုစာတမ်းတွင် တိုင်းရင်းဆေးကျမ်းများလာ ကြိတ်မှန်၊ ကြိတ်မှန်နှင့် ပတ်သက်၍ သုတေသနတွေ့ရှိချက်များ၊ ရောဂါအလိုက် အသုံးပြုပုံတို့ကို လူတိုင်းသိရှိ အသုံးပြု နိုင်စေရန် စာတွေ့ လက်တွေ့ လေ့လာ သုတေသနပြုထားပါသည်။